**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၁၁)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )**

**[ သောကြာနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် **(၁၃)**ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နှင့် ကျိုက်ဒုံမြို့တို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ အပြီးသတ် သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ကော့ကရိတ်မြို့နယ်၊ ကိုးတိုင် 66 KV Switching Station မှ ကျိုက်ဒုံသို့ ၆၆ KV ဓာတ်အားလိုင်း ၄၄ မိုင်အား ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကျိုက်ဒုံတွင် ၆၆/၁၁ KV ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် လျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က လှိုင်းဘွဲ့(ဒိုင်းပြ) ၆၆/၃၃ KV ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတွင် 33 KV Outgoing Switchbay (၁)စုံ၊ လှိုင်းဘွဲ့–ရှမ်းရွာသစ် ၃၃ KV ဓာတ်အားလိုင်း (၂၇)မိုင်နှင့် ရှမ်းရွာသစ်မြို့တွင် ၃၃/၁၁ KV ၅ အမ်ဗွီအေ

ဓာတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ပေးနိုင်ရန် စီမံချက်လျာထားရေးဆွဲ ထားပြီး ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **၂၀၃၀ ပြည့်နှစ်တွင် တစ်ပြည်လုံး မီးလင်းရေး ရည်မှန်းချက်နှင့်အညီ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိနိုင်ရေးနှစ်အလိုက် မည်ကဲ့သို့ စီမံကိန်း ရေးဆွဲထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အထိ ဖလမ်းမြို့နယ်အတွင်း စီမံချက်အရ စာရင်းရှိကျေးရွာတချို့ကို ဓာတ်အား စနစ်ဖြင့် မီးလင်းနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကျန်ကျေးရွာများသည် ပြန့်ကျဲစွာ တည်ရှိနေခြင်းနှင့် မြေပြင်အနေအထားအရ နေရောင်ခြည် သို့မဟုတ် အသေးစား ရေအားလျှပ်စစ်စက်ရုံကဲ့သို့သော ဓာတ်အားစနစ်ပြင်ပ အခြား နည်းလမ်းများဖြင့် မီးလင်းရေးဆောင်ရွက်ရမည့် ကျေးရွာများဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးဝမြို့နယ်အတွင်း (Clean Coal) နည်းပညာကို အသုံးပြု၍ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော် တည်ဆောက်ပေး ရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝ မြို့နယ်အတွင်းနှင့် မြန်မာနိုင်ငံအတွင်း အခြားသင့်လျော်သည့် နေရာများတွင် Clean Coal Technology အသုံးပြု၍ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ များအား နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် နိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(င) နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လျှပ်စစ်ဝန်ထမ်းများ လုပ်ငန်းခွင် မတော်တဆ ထိခိုက်နစ်နာ အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးအတွက် ကြိုတင်ကာကွယ်မှုများ၊ အကာအကွယ်ပစ္စည်းများ အသုံးပြုရန်အတွက် အသိပညာပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က Personal Protection Equipments (PPE)များနှင့် Safety Equipment များကို မြို့နယ်

အသီးသီးသို့ ဖြန့်ဝေထောက်ပံ့ပေးထားပြီး စနစ်တကျသုံးစွဲခြင်း ရှိ/မရှိကို ရုံးချုပ်မှ အကြီးတန်းကြီးကြပ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့မှ လစဉ်စစ်ဆေး ကြပ်မတ်လျက်ရှိပြီး လျှပ်စစ်အန္တရာယ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ပါက အသိပညာ ပေးစာ၊ ညွှန်ကြားစာများကို အချိန်နှင့်တပြေးညီ ထုတ်ဝေညွှန်ကြားလျက်ရှိပြီး ဖြစ်ရပ်မှန်ပေါ်ပေါက်စေရန် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ထိရောက်စွာ အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၃။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

**အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် က စကားရပ် ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံပြီး ဥက္ကဋ္ဌ က ယင်း ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၅။ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး က ဆွေးနွေးသည်။

၆။ အစည်းအဝေးကို ၁၁:၂၉ နာရီ အချိန်တွင် ရပ်နားပြီး (၁၂)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀-၈-၂၀၁၉ ရက်နေ့(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**